# (တရားတဘောင်စစ်ဆေးစီရင်ရန်၊ ယခုအခိုက်အတန့်အတွက် တရားရုံးတော်များ တည်ထောင်သည့် တချက်လွှတ်အမိန့်)

## စစ်ဘက်ဆိုင်ရာတချက်လွှတ်အမိန့်နံပါတ် ၆။

နီပွန်စစ်တပ်တော် အုပ်ချုပ်နေသည့်အတွင်းတွင်၊ ဗမာနိုင်ငံတော်တွင်၊ တရားတဘောင် စစ်ဆေးစီရင်ရန်၊ ယခုအခိုက်အတန့်အတွက်၊ တရားရုံးတော်များတည်ထောင်သည့်တချက်လွှတ်အမိန့်။ ဗမာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းသူပြည်သားတို့၏ ဆိုင်ရာဆိုင်ခွင့်ကိုဂုဏ်၊ ဆောင်ရွက်ရန် တာဝန်ဝတ္တရားကိုဂုဏ်၊ မြဲမြံတည်ငြိမ်ရှိစေရန်မှစ၍၊ တိုင်းနိုင်ငံတော်အတွင်း၊ ငြိမ်းချမ်း သာယာသေဝပ်ပိပြားရှိစေရန်၊ တရားရုံးတော်များ ရှိအပ်သည်ဖြစ်ရကား၊ ဗမာနိုင်ငံတော်ရှိ နီပွန်ဘုရင် မင်းမြတ်၏ စစ်တပ်သေနာပတိဖြစ်သူအကျွန်ုပ်က၊ ဗမာနိုင်ငံတော်တွင်၊ ယခုခေတ်သမယ ဖြစ်ပျက်သည့် အကြောင်း စေ့စုံစွာစဉ်းစားဆင်ခြင်ပြီးနောက်၊ အောက်ပါအတိုင်းပြဋ္ဌာန်းအမိန့်ထုတ်ပြန်လိုက်သည်။

၁။ ။ နီပွန်ဘုရင်မင်းမြတ်၏ သေနာပတိဖြစ်သူ အကျွန်ုပ်က၊ ရုံးတော်များကိုတည်ထောင်၊ အစိုးရအမှု လိုက်ရှေ့နေများကို ခန့်အပ်၊ ရာဇဝတ်တရားစွဲဆိုသည့်ကိစ္စကိုစီမံခန့်ထားသည့်အပြင်၊ ဗမာနိုင်ငံတော် အတွင်း တရားတဘောင်စစ်ဆေးစီရင်မှုကိစ္စအတွက် စီမံခွဲခန့်လိုက်သည်။

၂။ ။ တရားရုံးတော်များဖွဲ့စည်းသည့်နည်းနာနိသျှစီရင်ပိုင်ခွင့် အာဏာများနှင့် အစိုးရအမှုလိုက်ရှေ့နေ အလုပ်ဝတ္တရားမှာ၊ ယခုတချက်လွှတ် အမိန့်တွင်ဖြစ်စေ၊ အခြားတချက်လွှတ်အမိန့်တွင်ဖြစ်စေ၊ အတည့် အလင်း၊ သို့မဟုတ် သွယ်ဝိုက်၍ တနည်းတဖုံ စီမံထားခြင်းမရှိခဲ့လျှင်၊ ဗမာနိုင်ငံတော်တွင် အထက်က တည်ရှိခဲ့သည့်အတိုင်းပင်ဖြစ်စေရမည်။

၃။ ။ တရားရုံးတော်များဖွဲ့စည်းသည့်နည်းနာနိသျှ။ စီရင်ပိုင်ခွင့် အာဏာများနှင့် အစိုးရအမှုလိုက်ရှေ့နေ အလုပ်ဝတ္တရားမှာ၊ အောက်တွင်ဖော်ပြသည့် အကြောင်းအချက်များနှင့်မစပ်ဆိုင်စေရ။

(က) နီပွန်ဘုရင်မင်းမြတ်၏ စစ်တပ်ဆိုင်ရာ စစ်သည်တော်များစစ်ဆေးစီရင်မည့်ရုံးတော်မှစီရင်ပိုင်ခွင့် ရှိသည့်အမှုကိစ္စ။

(ခ) နီပွန်ဘုရင်မင်းမြတ်၏စစ်တပ်ဆိုင်ရာ စစ်ရုံးတော်စီရင်ပိုင်သည့်အမှုကိစ္စ။

(ဂ) ဂျပန် တိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားတို့၊ တရားမကြောင်းတရားတဘောင်စွဲဆိုသည့်အမှု ကိစ္စဖြစ်စေ၊ ဂျပန်တိုင်းရင်းသားအချင်းချင်း တရားမကြောင်းစွဲဆိုသည့် အမှုကိစ္စ။ (ဂျပန်တိုင်းရင်းသား ဆိုသည်တွင်၊ တရားဥပဒေအရဖွဲ့စည်းသည့်ဂျပန်အဖွဲ့အစည်းလည်းပါဝင်သည်။)

(ဃ) ဂျပန်တိုင်းရင်းသားတဦးတယောက်ကို၊ ရာဇဝတ်ကြောင်းတရားခံ အဖြစ်စွဲဆိုသည့်အမှုကိစ္စ။ (ဂျပန်တိုင်းရင်းသားဆိုသည်တွင်၊ တရားဥပဒေအရ ဖွဲ့စည်းသည့်ဂျပန်အဖွဲ့အစည်းလည်းပါဝင်သည်။)

၄။ ။ ယခုတချက်လွှတ်အမိန့်တွင်ဖြစ်စေ၊ အခြားတချက်လွှတ်အမိန့်ဥပဒေစည်းမျဉ်းမှစသည်တွင်ဖြစ်စေ၊ တနည်းတဖုံစီမံပြဋ္ဌာန်းခြင်းမရှိခဲ့လျှင်၊ ယခုတည်ထောင်သည့် ရုံးတော်များတွင် လိုက်နာဆောင်ရွက်ရ မည့်တရားဥပဒေမှာ၊ ယခုတချက်လွှတ်အမိန့်အတည်မဖြစ်မီ၊ ဗမာနိုင်ငံတော်အတွင်း လိုက်နာဆောင်

Myanmar Law Information System (MLIS)

ရွက်ခဲ့သည့်တရားဥပဒေတွင်၊ အရေးပါသည့်အချက်အဆစ်အတိုင်း၊ ယခုအခိုက်အတန့်အတွင်းလိုက်နာ ဆောင်ရွက်ရမည်။ သို့သော်၊ နီပွန်စစ်တပ်အစိုးရတို့ရည်ရွယ်သည့်အတိုင်း၊ အရှေ့အာရှတိုက်ကြီးတွင် ခေတ်သစ်တည်ထောင်မှု ကိစ္စနှင့်မလျော်ကန်ဆန့်ကျင်ဘက်ဖြစ်သည့် ဥပဒေတစုံတရာမှာသက်ဆိုင် တည်မြဲမရှိစေရ။

၅။ ။ (၁) အကျွန်ုပ်က ရန်ကုန်မြို့တွင်၊ ရန်ကုန်မြို့မရုံးတော်တည်ထောင်လိုက်သည်။ ၎င်းရုံးတော်ကို ရှိုဝါသက္ကရာဇ် ၁၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။

(၂) ရန်ကုန်မြို့မှအပ ဗမာနိုင်ငံတော်အတွင်း တည်ရှိခဲ့သည့် ရုံးတော်အရပ်ရပ်ကို၊ ယခုတဖန် တည်ထောင်လိုက်သည်ဟုမှတ်ယူရမည်။ ၎င်းရုံးတော်အရပ်ရပ်ကိုတဖန် ပြန်လည်ဖွင့်လှစ်လိုက်သည့် အကြောင်းကို သီးခြားကြော်ငြာထုတ်ပြန်ကြေညာမည်။

(၃) ရန်ကုန်မြို့မရုံးတော်မှာ ရန်ကုန်မြို့ဟိုက်ကွတ်လွှတ်တော်ရုံးအထက်က စီရင်ပိုင်ခွင့်အာဏာတရားမ ကြောင်းတွင်၎င်း၊ ရာဇဝတ်ကြောင်းတွင်၎င်း၊ အရေးယူစီရင်ပိုင်သည့် အာဏာမှစ၍၊ ရန်ကုန်မြို့စမော် ကော်ရုံးတော်နှင့် ရာဇဝတ်ရုံးတော်တို့ အရေးယူစီရင်ပိုင်ခွင့်အာဏာများကို ယခုအခိုက်အတန့်အတွက် အရေးယူပိုင်ခွင့်ရှိသည်။ ၎င်းပြင်ယခုပုဒ်မအပိုဒ် ၂ တွင်ဖေါ်ပြခဲ့သည့်အတိုင်း အဆိုပါရုံးတော်များ ပြန်လည်ဖွင့်လှစ်ခြင်းမရှိမီ၊ ရန်ကုန်မြို့မရုံးတော်က စီရင်ပိုင်ခွင့်အာဏာရှိစေရမည်။

၆။ ။ (၁) ရန်ကုန်မြို့တွင် ဟိုက်ကွတ်လွှတ်တော်တည်ထောင်ရန် အကျွန်ုပ်စီရင်ပြဋ္ဌာန်းလိုက်သည်။

(၂) အထက် အပိုဒ် ၁ တွင် ဖေါ်ပြလိုက်သည့် ဟိုက်ကွတ်လွှတ်တော်မှာ၊ ယခုအခိုက်အတန့်အတွင်း၊ ရန်ကုန်မြို့ဟိုက်ကွတ်လွှတ်တော်အထက်က အယူခံမှုအတွက် စီရင်ပိုင်ခွင့်အာဏာရှိစေရမည်။

(၃) အပိုဒ် ၁ တွင်ဖေါ်ပြသည့် ရုံးတော်ဖွင့်လှစ်သည်ကို သီးခြားကြော်ငြာမည်ဖြစ်သည်။

၇။ ။ နီပွန်ဘုရင်မင်းမြတ်၏ စစ်တပ်သေနာပတိက၊ ရုံးတော်တစုံတရာတွင် စီရင်ဆုံးဖြတ်ချက်ကို၊ တရားဥပဒေနှင့်မညီ- မသင့်မလျော်ဖြစ်သည်ဟု ထင်မှတ်ခဲ့သော်၊ ၎င်းအမှုကိုတဖန်ပြန်လည်စဉ်းစား ဆင်ခြင်ရန်အမိန့်ဆင့်ဆိုပိုင်ခွင့်ရှိသည်။

၈။ (၁) တရားဥပဒေကို၊ ဂျာပန်ဘာသာဖြင့်၎င်း၊ ဗမာဘာသာဖြင့်၎င်း၊ စီရင်ထုတ်ပြန်စေရမည်။ ရုံးတော် မည်သည်တွင်မဆို၊ ဆောင်ရွက်စစ်ဆေးရာတွင်၊ အသုံးပြုရန်ဘာသာစကားမှာ၊ ဂျာပန်ဘာသာ၊ သို့မဟုတ်၊ မြန်မာဘာသာ ဖြစ်စေရမည်။ သို့သော်လည်း၊ ယခုအခိုက်အတန့်အတွက် အင်္ဂလိပ်ဘာသာ စကားကိုအသုံးပြုခွင့်ရှိသည်။

(၂) ပြဋ္ဌာန်းထုတ်ပြန်သည့် တရားဥပဒေ တစုံတရာတွင်၊ ဂျာပန်စကားနှင့် ဗမာစကားအဓိပ္ပါယ်မကွဲ မပြားရှိခဲ့သော်၊ ဂျာပန်ဘာသာ စကားနှင့် ပြဋ္ဌာန်းထုတ်ပြန်သည့်ဥပဒေကိုသာလိုက်နာအတည်ပြုရမည်။

**အထွေထွေပြဋ္ဌာန်းချက်များ။**

၉။ ။ ယခုထုတ်ပြန်သည့် တချက်လွှတ်အမိန့်တော်မှာ၊ ရှိုဝါသက္ကရာဇ် ၁၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အတည်ဖြစ်စေရမည်။

၁၀။ ။ အင်္ဂလိပ်မင်းလက်ထက်က၊ တည့်ရှိသည့်တရားရုံးတော်များတွင်၊ အမှုစတင်ပြုလုပ်၍၊ မပြီးမပြတ် ရှိသည့်ကိစ္စတစုံတရာအတွက်၊ အကျွန်ုပ်သီးခြားအမိန့်ပြဋ္ဌာန်းထုတ်ပြန်မည်။

(တရားတဘောင်စစ်ဆေးစီရင်ရန်၊ ယခုအခိုက်အတန့်အတွက် တရားရုံးတော်များ တည်ထောင်သည့် တချက်လွှတ်အမိန့်)

ဗမာနိုင်ငံတော်အတွင်း၊

နီပွန်ဘုရင်မင်းမြတ်၏စစ်သေနာပတိကြီး။

ရန်ကုန်မြို့၊ ရှိုဝါသက္ကရာဇ် ၁၇ ခုနှစ်၊ ဇူလိုင်လ ရက်။

Myanmar Law Information System (MLIS)